မည်ကဲ့သို့


# သင်၏ဗီဒီယိုကောဖြင့် ရက်ချိန်းပြသမှုအား အိမ်မှ ချိတ်ဆက်ရမည်နည်း။

Children's Mercy

## အွန်လိုင်းမှ စာရင်းသွင်းခြင်း (eCheck In) ကို ပြီးစီးအောင်ပြုလုပ်ပါ -

သင့်အနေဖြင့် ပြသရမည့်ရက်မတိုင်မီ ခုနစ်ရက်ကြိုတင်၍ သို့မဟုတ် ပြသရမည့်နေ့တွင် သင်၏ အွန်လိုင်းရက်ချိန်းအတွက် စာရင်းသွင်းနိုင်ပါသည်။


**1. အီးမေးလ် နှင့်/သို့မဟုတ် စာတိုကို Children's Mercy မှ သင့်ထံ ပို့ထားပြီးဖြစ်သင့်သည်။ လင့်ခ် (link) ကို နှိပ်ပါ။ နှိပ်၍မရပါက MyChart သို့သွား၍ "Find the eCheck" ကို ရွေးချယ်ပါ။**







**2. လူနာ၏ မွေးသက္ကရာဇ်ကို ရိုက်ထည့်ပြီး "Verify" ကို နှိပ်ပါ။**





**3. အပိုင်းတစ်ခုစီအတွက် အချက်အလက်များ ဖြည့်သွင်းခြင်းဖြင့် အွန်လိုင်းမှ စာရင်းသွင်းခြင်း (eCheck In) ကို ပြီးစီးအောင်ပြုလုပ်ပါ -**

- ဗီဒီယိုကောဖြင့်ရက်ချိန်းပြသမှု (video visit) အတွင်း သင်ရှိနေမည့်နေရာ
- အာမခံနှင့် ငွေပေးချေမှုဆိုင်ရာ အချက်အလက်
- လူနာသောက်သုံးနေသော ဆေးဝါးများ
- သင်အသုံးပြုသော ဆေးဆိုင်
- လူနာတွင် ရှိသော မည်သည့်ဓာတ်မတည့်မှုမဆို
- လူနာတွင် ရှိသော မည်သည့်ကျန်းမာရေးပြဿနာမဆို
- ခရီးသွားလာမှုဆိုင်ရာ မေးခွန်းများ
- ဆရာဝန် လိုအပ်သော စစ်တမ်းမေးခွန်းလွှာများ

**4. သင့်မိုက်ခရိုဖုန်း၊ ကင်မရာ၊ စပီကာများနှင့် အင်တာနက်ချိတ်ဆက်မှုကို စမ်းသပ်ပါ။**

- ဗီဒီယိုကောဖြင့်ရက်ချိန်းပြသမှုအတွင်း သင့်စက်ပစ္စည်းကို အသုံးပြုမည့်နေရာတွင် ရှိနေပါစေ။
- "Test hardware" ကို နှိပ်ပါ။





- တောင်းဆိုပါက သင့်ကင်မရာနှင့် မိုက်ခရိုဖုန်းအား အသုံးပြုရန် ခွင့်ပေးပါ။
- လိုအပ်ပါက သင့်ကင်မရာ သို့မဟုတ် မိုက်ခရိုဖုန်းကိုပြောင်းလဲရန် အောက်သို့ဆွဲချရသော ရွေးချယ်စရာများ (drop-down menus) ကို အသုံးပြုပါ။
- စမ်းသပ်မှုများ အောင်မြင်ကြောင်းပြသသော အစိမ်းရောင် အမှန်ခြစ်များကို ရှာဖွေပါ။ 

**5. ပြီးစီးသည်နှင့်တစ်ပြိုင်နက် ဟာ့ဒ်ဝဲစမ်းသပ်မှု (hardware test) မှ ထွက်ရန် X ကို နှိပ်ပါ။**

**6. အဆင့်တစ်ခုစီ ပြီးစီးပြီးနောက် eCheck In ရှိ "Submit" ကို နှိပ်ပါ။**





**7. သင်၏ ဗီဒီယိုကောဖြင့်ရက်ချိန်းပြသမှုမတိုင်မီ ရက်ချိန်းအသေးစိတ်အချက်အလက်များကို ပြန်လည်သုံးသပ်ပါ။**

Children's Mercy


# အခြားသူများကို သင်၏ ဗီဒီယိုကောဖြင့်ရက်ချိန်းပြသမှုသို့ ဖိတ်ကြားခြင်း -

သင်၏စာတို သို့မဟုတ် အီးမေးလ်တွင် သင်ရရှိသော လင့်ခ် (link) ကို လူတစ်ဦးတည်းသာ အသုံးပြုနိုင်သည်။ ရက်ချိန်းသို့ အခြားသူများ ပါဝင်ရန် လိုအပ်ပါက ရက်ချိန်းပြသမှုစတင်သည်နှင့် ဆရာဝန်အား ပြောပြပါ သို့မဟုတ် ရက်ချိန်းမတိုင်မီ ၎င်းတို့အား ဖိတ်ကြားပါ။


1. သင်၏ ဗီဒီယိုကောဖြင့်ရက်ချိန်းပြသမှုအတွက် ရက်ချိန်း အသေးစိတ် စာမျက်နှာသို့ သွားရောက်ပါ။
2. လူနာ၏ မွေးသက္ကရာဇ်ကို ရိုက်ထည့်ပြီး "Verify" ကို နှိပ်ပါ။




3. "Invite a new guest" ကို နှိပ်ပါ။





4. ၎င်းတို့သည် စနစ်ထဲတွင် ရှိပြီးသားဖြစ်ပါက သင့်တွင်ရှိပြီးသား အဆက်အသွယ်များ (contacts) ထဲမှ တစ်ဦးကို ရွေးချယ်ပါ။



5. စာရင်းပြုစုထားခြင်းမရှိသူတစ်ဦးကို ဖိတ်ကြားရန် "Invite a new guest" ကိုနှိပ်ပြီး ၎င်းတို့၏အချက်အလက်ကို ရိုက်ထည့်ပါ - သင့်မိုက်ခရိုဖုန်း၊ ကင်မရာ၊ စပီကာများနှင့် အင်တာနက်ချိတ်ဆက်မှုကို စမ်းသပ်ရန် "Test hardware" ကို နှိပ်ပါ။

   - အမည်၏ ပထမစကားလုံး
   - အမည်၏ နောက်ဆုံးစကားလုံး
   - လူနာနှင့် တော်စပ်ပုံ
   - ဖိတ်ကြားလွှာပို့ရန် ဖုန်းနံပါတ် သို့မဟုတ် အီးမေးလ်လိပ်စာ




6. "Send text message (စာတိုပို့ရန်)" သို့မဟုတ် "Send email invitation (အီးမေးလ်ဖိတ်ကြားလွှာပို့ရန်)" ကို နှိပ်ပါ။

7. ဖိတ်ကြားခံရသူသည် ရက်ချိန်းပြသမှုသို့ ပါဝင်ရန် လင့်ခ် (link) ပါဝင်သည့် အကြောင်းကြားစာတစ်စောင် ရရှိလိမ့်မည်။

မည်ကဲ့သို့


**သင်၏ဗီဒီယိုကောဖြင့် ရက်ချိန်းပြသမှုအား အိမ်မှ ချိတ်ဆက်ရမည်နည်း။**


Children's Mercy


# သင်၏ ဗီဒီယိုကောဖြင့်ရက်ချိန်းပြသမှုသို့ ချိတ်ဆက်ခြင်း

**1. သင်၏ video visit မတိုင်မီ 15 မိနစ်ကြိုတင်၍ အီးမေးလ် သို့မဟုတ် စာတိုဖြင့်အကြောင်းကြားစာ သို့မဟုတ် လူနာ၏ MyChart အကောင့်မှ ရက်ချိန်းဆီသို့ လင့်ခ် (link) အား နှိပ်ပါ။**


- လင့်ခ် (link) ကို အခြားသူများနှင့် မျှဝေခြင်းမပြုပါနှင့်။ ဤလင့်ခ်ကို လူ 1 ဦးတည်းသာ အသုံးပြုနိုင်သည်။
- အခြားသူများ ရက်ချိန်းပြသမှုသို့ ပါဝင်ရန် လိုအပ်ပါက ရက်ချိန်းပြသမှုစတင်သည်နှင့် ဆရာဝန်အား ပြောပြပါ သို့မဟုတ် ချိန်းဆိုမှုမတိုင်မီ အခြားသူများကို ဖိတ်ကြားပါ။










**2. သင့်မိုက်ခရိုဖုန်း၊ ကင်မရာ၊ စပီကာများနှင့် ချိတ်ဆက်မှုကို စမ်းသပ်ပါ။**




- တောင်းဆိုပါက သင့်ကင်မရာနှင့် မိုက်ခရိုဖုန်းအား အသုံးပြုရန် ခွင့်ပေးပါ။
- လိုအပ်ပါက သင့်ကင်မရာ သို့မဟုတ် မိုက်ခရိုဖုန်းကို ပြောင်းလဲရန် အောက်သို့ဆွဲချရသော ရွေးချယ်စရာများ (drop-down menus) ကို အသုံးပြုပါ။
- အစိမ်းရောင်အမှန်ခြစ်များသည် ထိုစမ်းသပ်မှုအပိုင်း အောင်မြင်ကြောင်း ပြသသည်။ 
- သင်အလိုရှိပါက Closed Captions ကို ဖွင့်ပါ။ 

- သင်အလိုရှိပါက သင်၏ ပြသထားသောအမည် (display name) ကို ပြောင်းလဲပါ။ 

3. သင့်အား အွန်လိုင်းစောင့်ဆိုင်းခန်း (virtual waiting room) တွင် ထားရှိပါမည်။ ဆရာဝန်သည် သင်၏အချက်အလက်များကို ပြန်လည်သုံးသပ်ပြီးနောက် ရက်ချိန်းပြသမှုသို့ ဝင်ရောက်လာပါလိမ့်မည်။




4. သင်၏ရက်ချိန်းပြသမှု မပြီးဆုံးခင်အချိန်ထိ ဗီဒီယိုကောဖြင့် ပြသနေသည့် မျက်နှာပြင် (screen) မှ ထွက်ခွာခြင်း သို့မဟုတ် အကျဉ်းချုံ့ခြင်း (minimize) မပြုပါနှင့်။


Children's Mercy

မည်ကဲ့သို့

# သင်၏ဗီဒီယိုကောဖြင့် ရက်ချိန်းပြသမှုအား အိမ်မှ ချိတ်ဆက်ရမည်နည်း။


## ယခု ရက်ချိန်းပြသမှု စတင်ပြီဖြစ်သောကြောင့် -

- **ဗီဒီယိုကို ထိန်းချုပ်ရန် ခလုတ်များသည် ဗီဒီယိုကောဖြင့် ရက်ချိန်းပြသမှု၏ ညာဘက်အပေါ်ထောင့်တွင် ရှိသည်။**





- **အင်တာနက်ချိတ်ဆက်ခြင်း အားကောင်းမှုအခြေအနေ (Connection Strength) -** 
    - ၎င်းသည် သင့်အင်တာနက်ချိတ်ဆက်ခြင်း၏ အားကောင်းမှုအခြေအနေကို ပြသသည်။ ဗီဒီယိုကောဖြင့် ရက်ချိန်းပြသမှု ပြီးစီးအောင်ဆောင်ရွက်ရန် သင့်တွင် အားကောင်းသော အင်တာနက်ချိတ်ဆက်မှု လိုအပ်သည်၊ သို့မဟုတ်ပါက သင်၏ ရက်ချိန်းပြသမှုကို ပြန်လည်ချိန်းဆိုရန် လိုအပ်နိုင်သည်။
- **နောက်ထပ် ရွေးစရာများ -** 

- **"Devices"** သည် သင့်ကင်မရာ၊ မိုက်ခရိုဖုန်း သို့မဟုတ် စပီကာများကို ပြောင်းလဲရန် ခွင့်ပြုသည်။
- **"Background effects"** သည် သင့်နောက်ခံကို မှုန်ဝါးအောင် ပြုလုပ်နိုင်သောနေရာ ဖြစ်သည်။
- **"Full screen mode"** နှင့် "Switch to grid view" တို့သည် ဗီဒီယိုများ၏ အပြင်အဆင်ပုံစံကို ပြောင်းလဲပေးသည်။
- **"Language"** တွင် ဗီဒီယိုကောဖြင့် ရက်ချိန်းပြသမှုရှိ စာသားရွေးချယ်စရာများ၏ ဘာသာစကားကို ပြောင်းလဲရန် ရွေးချယ်စရာများ ရှိသည်။
- **"Show English captions"** သည် ဗီဒီယိုကောဖြင့် ရက်ချိန်းပြသမှုအတွက် အင်္ဂလိပ်ဘာသာဖြင့် စာတန်းထိုးများကို ဖွင့်ပေးသည်။



- **ပါဝင်သူများ -**
    - ဗီဒီယိုကောဖြင့် ရက်ချိန်းပြသမှုတွင် မည်သူတို့ပါဝင်သည်ကို ကြည့်ရှုပါ။
- **ကင်မရာနှင့် မိုက်ခရိုဖုန်း -**
    - ကင်မရာနှင့် မိုက်ခရိုဖုန်းများကို ဖွင့်ထားကြောင်း သေချာပါစေ။ ၎င်းတို့ကိုဖွင့်ရန်နှင့် ပိတ်ရန် ခလုတ်ကို နှိပ်ပါ။
- **မျက်နှာပြင်မျှဝေခြင်း (Share screen) -**
- သင့်ကွန်ပျူတာမျက်နှာပြင် (screen) ပေါ်တွင် ပြသနေသည့်အရာကို သင့်ဆရာဝန်နှင့် မျှဝေပါ။ သိမ်းဆည်းထားသော ဓာတ်ပုံတစ်ပုံပြသရန် ၎င်းကို အသုံးပြုနိုင်သည်။ သင်မျှဝေပါက ဆရာဝန်သည် သင့်ကွန်ပျူတာမျက်နှာပြင် (screen) ပေါ်တွင် ပြသနေသည့်အရာအားလုံးကို မြင်နိုင်မည်ဖြစ်သည်။
- **စာရိုက်၍ စကားပြောဆိုခြင်း (Chat) -**
    - ရက်ချိန်းပြသမှုအတွင်း သင့်ဆရာဝန်ထံ စာတိုတစ်စောင် ပို့နိုင်သည်။
    - စာရိုက်၍ စကားပြောခြင်းကို ဖွင့်ရန် Chat ခလုတ်ကို နှိပ်ပါ။ သင့်စာကို ရိုက်ထည့်ပြီး "Send" ကို နှိပ်ပါ။
    - ရက်ချိန်းပြသမှုပြီးဆုံးပြီးနောက် ပြောဆိုထားသည်များကို မြင်တွေ့နိုင်မည် မဟုတ်ပါ။




- **ပြသမှုမှ ထွက်ခွာခြင်း -**
    - ဗီဒီယိုကောဖြင့် ရက်ချိန်းပြသမှုကို အဆုံးသတ်ရန် "Leave call" ကို နှိပ်ပါ။
    - ခေါ်ဆိုမှုအဆုံးသတ်ပြီးနောက် ရက်ချိန်းပြသမှုသို့ ပြန်လည်ဝင်ရောက်ရန် လိုအပ်ပါက သင့်အီးမေးလ် သို့မဟုတ် စာတိုမှ လင့်ခ်ကို နှိပ်ပြီး ရက်ချိန်းပြသမှုသို့ ထပ်မံဝင်ရောက်ပါ။

မည်ကဲ့သို့


**သင်၏ဗီဒီယိုကောဖြင့် ရက်ချိန်းပြသမှုအား အိမ်မှ ချိတ်ဆက်ရမည်နည်း။**


Children's Mercy

# အဖြစ်များသော အခက်အခဲများနှင့် ဖြေရှင်းနည်းများ


- **ကျွန်ုပ်တွင် ကင်မရာ သို့မဟုတ် မိုက်ခရိုဖုန်း ပြဿနာများရှိနေသည်။**
  - o သင်၏ အင်တာနက် ရှာဖွေရေးအင်ဂျင် (internet browser) သည် သင့်မိုက်ခရိုဖုန်းနှင့် ကင်မရာကို အသုံးပြုရန် ခွင့်ပြုထားကြောင်း သေချာပါစေ။
- **ကွန်ပျူတာဖြင့်အသုံးပြုခြင်း -**
  - o Google Chrome ခွင့်ပြုချက် ဆက်တင်များ (Google Chrome permission settings) -

1. သင်သည် ဗီဒီယိုကောဖြင့်ရက်ချိန်းပြသမှု စာမျက်နှာပေါ်တွင်ရှိချိန်၌ ရှာဖွေရေးဘား (search bar) ၏ ဘယ်ဘက်ခြမ်းရှိ ခွင့်ပြုချက် သို့မဟုတ် ကင်မရာခလုတ်ကို နှိပ်ပါ။








2. ကင်မရာ၊ မိုက်ခရိုဖုန်းနှင့် အသံအတွက် ခလုတ်များကို ဖွင့်ထားကြောင်း သေချာပါစေ။





- o Microsoft Edge ခွင့်ပြုချက် ဆက်တင်များ -

1. ဗီဒီယိုကောဖြင့်ရက်ချိန်းပြသမှု စာမျက်နှာပေါ်တွင်ရှိချိန်၌ ရှာဖွေရေးဘား၏ ဘယ်ဘက်ခြမ်းရှိ သော့ခလုတ် (lock button) ကို နှိပ်ပါ။





2. ကင်မရာနှင့် မိုက်ခရိုဖုန်းအတွက် ခလုတ်များဖွင့်ထားကြောင်း သေချာပါစေ။




- **iPhone ဖြင့် အသုံးပြုခြင်း -**
    - iPhone အသုံးပြုပါက Safari internet browser ကို အသုံးပြုရန် သေချာပါစေ။


1. ဆက်တင်များကိုဖွင့်ပါ။ 





2. အက်ပ်များ (Apps) ဆီသို့ အောက်သို့ဆွဲချပါ။





3. သင်အသုံးပြုသော internet browser ၏ အက်ပ်ကို နှိပ်ပါ။





4. ကင်မရာကို နှိပ်ပါ။




5. ခွင့်ပြုချက်များကို Ask (မေးရန်) သို့မဟုတ် Allow (ခွင့်ပြုရန်) ဟု သတ်မှတ်ထားကြောင်း သေချာပါစေ။




6. ပြန်သွားပြီး မိုက်ခရိုဖုန်းကို နှိပ်ပါ။





7. ခွင့်ပြုချက်များကို Ask (မေးရန်) သို့မဟုတ် Allow (ခွင့်ပြုရန်) ဟု သတ်မှတ်ထားကြောင်း သေချာပါစေ။


Children's Mercy

- **Android ဖုန်းဖြင့် အသုံးပြုခြင်း -**
    - Android ဖုန်းအသုံးပြုပါက Chrome internet browser ကို အသုံးပြုရန် သေချာပါစေ။


1. ဆက်တင်များကိုဖွင့်ပါ။ 


2. အောက်သို့ဆွဲချပြီး အက်ပ်ဆက်တင်များဖွင့်ရန် အက်ပ်များကို နှိပ်ပါ။





3. သင်အသုံးပြုသော internet browser ၏ အက်ပ်ကို ရှာဖွေပြီး နှိပ်ပါ။






4. ခွင့်ပြုချက်များကို နှိပ်ပါ။




5. ဤရွေးချယ်စရာဇယား (menu) သည် သင့်အား ခွင့်ပြုထားသည်များနှင့် ငြင်းပယ်ထားသည်များကို ပြသသည်။

- အကယ်၍ မိုက်ခရိုဖုန်း သို့မဟုတ် ကင်မရာသည် **Denied (ငြင်းပယ်ထားသည်)** အောက်တွင် ရှိနေပါက ဆက်တင်များကို ပြင်ဆင်ရန် ၎င်းကို နှိပ်ပါ။
- ကင်မရာနှင့် မိုက်ခရိုဖုန်းကို အသုံးပြုရန်အတွက် ခွင့်ပြုရန် ဆက်တင်ကို ပြောင်းလဲပါ။




Children's Mercy

မည်ကဲ့သို့

# သင်၏ဗီဒီယိုကောဖြင့် ရက်ချိန်းပြသမှုအား အိမ်မှ ချိတ်ဆက်ရမည်နည်း။

Children's Mercy

## ကျွန်ုပ်၏ ရက်ချိန်းပြသမှုသို့ လင့်ခ် (link) ကို ရှာမတွေ့ပါ

- **သင်၏ ရက်ချိန်းပြသမှုမတိုင်မီ လင့်ခ် (link) ကို သင့်အီးမေးလ်နှင့် ဖုန်းသို့ အကြိမ်ပေါင်းများစွာ ပို့ထားသည်။**
  - ချိန်းဆိုချိန်တွင်။
  - 7 ရက်ကြိုတင်၍။
  - 24 နာရီကြိုတင်၍။
  - 1 နာရီကြိုတင်၍။
  - 15 မိနစ်ကြိုတင်၍။
- **ဤလင့်ခ်ကို အခြားသူများနှင့် မျှဝေခြင်း မပြုပါနှင့်။ ဤလင့်ခ်ကို လူ 1 ဦးတည်းသာ အသုံးပြုနိုင်သည်။ ရက်ချိန်းပြသမှုသို့ အခြားသူများ ပါဝင်ရန် လိုအပ်ပါက ရက်ချိန်းပြသမှုစတင်သည်နှင့် ဆရာဝန်အား ပြောပြပြီး ရက်ချိန်းအသေးစိတ်စာမျက်နှာတွင် ၎င်းတို့အား ဖိတ်ကြားချက်တစ်ခု ပို့ပါ။**
- **သင်၏ Junk သို့မဟုတ် Spam အီးမေးလ်ဖိုင်တွဲများကို စစ်ဆေးရန် သေချာပါစေ။**

**သင်၏ ဗီဒီယိုကောဖြင့်ရက်ချိန်းပြသမှု အတွက် အကူအညီရယူရန်**

**(816) 234-3000 သို့ ဖုန်းခေါ်ဆိုပြီး ရွေးချယ်စရာ 5 ကို ရွေးချယ်ပါ။**

**သင်၏ရက်ချိန်းအား ပြန်လည်ချိန်းဆိုရန် (816) 234-3700 သို့ ဖုန်းခေါ်ဆိုပါ။**